**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**စားသုံးသူရေးရာဦးစီးဌာန**

စာအမှတ်၊ စဥ-၁၇/ပြည်တွင်း/၂၀၂၅ (၀၀၄၇)
ရက်စွဲ ၊၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၆ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

အကြောင်းအရာ။ **ပြည်တွင်းဆန်ဈေးကွက်အတွင်း သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်ကိစ္စ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်း၍ ပြည်တွင်း၌ ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေး၊ သမားရိုးကျရောင်းဝယ်ခြင်းမဟုတ်သော ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် သင့်တင့်မျှတသော ဆန်ဈေးကွက်ဈေးနှုန်းများ ထုတ်ပြန်၍ ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆန်စက်/ဆန်ပွဲရုံ၊ ဆန်လက်လီ/လက်ကား အရောင်းဆိုင်များနှင့် ဈေးအရောင်းစင်တာများတွင် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ကို ထုတ်ပြန်ခဲ့ပါသည်။

၃ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွက် သတ်မှတ်ထုတ်ပြန်ထားသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးအတွက် ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များ၊ ဆန်လုပ်ငန်းရှင်များ၊ ဆန်ကုမ္ပဏီများသိရှိနိုင်ရေးနှင့် တိတိကျကျလိုက်နာဆောင် ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

**ပူးတွဲ ( ၆ ) ရွက်**

အောင်အောင်
ညွှန်ကြားရေးမှူးချုပ်

**မိတ္တူကို**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ စားသုံးသူရေးရာဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး(မူဝါဒ၊သတင်း/နည်း၊ ပြည်တွင်း)၊ စားသုံးသူရေးရာဦးစီးဌာန
လက်ခံစာတွဲ၊ မျှောစာတွဲ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# စားသုံးသူရေးရာဦးစီးဌာန
# ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း
# (Reasonable Market Price) ထုတ်ပြန်ချက်

| စဉ် | ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား | | (၁၀၈) ပေါင်/ (၂၄) ပြည် ဆန်တစ်အိတ် ဈေးနှုန်း သတ်မှတ်ချက်(ကျပ်) (အမြင့်ဆုံး) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပြည်ပတင်ပို့သည့် ဆန်ကြမ်း အုပ်စုများ (ဧည့်မထ/ ငစိန်) (ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11 ၊ စောရှုပ်၊ ၇၄၇၊ သီးပု၊ နံ့ကောက် စသော ဧည့်မထ/ ငစိန် အုပ်စုဝင် ဆန်ကြမ်း များ) | ၂၅ မှတ် ဆန် (Reasonably Well-Milled) | ၇၃,၀၀၀ | |
| | | ၂၅ မှတ် ဆန် (Well-Milled, Polished & Sorted) | ၈၁,၀၀၀ | ၅၀ ကီလိုဂရမ် |
| | | ၁၅ မှတ် ဆန် (အလတ်စ) (Reasonably Well-Milled) | ၇၆,၀၀၀ | |
| | | ၁၅ မှတ် ဆန် (Well-Milled, Polished & Sorted) | ၈၃,၀၀၀ | ၅၀ ကီလိုဂရမ် |
| | | ၁၀-၅ မှတ် ဆန် (ထိပ်စ) (Reasonably Well-Milled) | ၇၈,၀၀၀ | |
| | | ၁၀-၅ မှတ် ဆန် (Well-Milled, Polished & Sorted) | ၈၅,၀၀၀ | ၅၀ ကီလိုဂရမ် |
| ၂ | ပြည်ပတင်ပို့ခြင်း နှင့် ပြည်တွင်းစားသုံးမှု ရှိသည့် ဆန်အုပ်စုများ(ဧယာ၊ ငွေတိုး၊ မင်းရော၊ နံ့ကောက်၊ ရွှေမန်း၊ စသည့် စားသုံးမှု အရည်အသွေး သင့်တင့် ကောင်းမွန်သော ဆန်များ) | ၁၀-၅ မှတ် ဆန် | ၈၄,၀၀၀ | |

| စဉ် | ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား | | (၁၀၈) ပေါင်/ (၂၄) ပြည် ဆန်တစ်အိတ် ဈေးနှုန်း သတ်မှတ်ချက်(ကျပ်) (အမြင့်ဆုံး) | မှတ်ချက် |
|---|---|---|---|---|
| ၃ | ရွှေသွယ်၊ အညာသား၊ ပခန်း ဆန်များ၊ မော်ဘီ-၂ ၊ မော်ဘီ-၃၊ ဖန်သီးသုခ၊ လုံးသွယ်မွှေး၊ ရက်-၉၀၊ မိုး-မနောသုခ/ ဆင်းသုခ၊ ဖျော့ထွန်း၊ (ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွက်သည့် စားသုံးမှု အရည်အသွေး ကောင်းမွန် သော ပြည်တွင်းစားသုံးဆန်များ) | ၁၀-၅ မှတ် ဆန် | ၉၇,၀၀၀ | |
| | ဧရာပဒေသာ/ ဧရာမင်း (ဧရာဝတီတိုင်းဒေသကြီး) | ၁၀-၅ မှတ် ဆန် | ၁၀၃,၀၀၀ | |
| ၄ | ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတော ဆန်များ (မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော် နှင့် မြန်မာနိုင်ငံ အထက်ပိုင်းမှ ထွက်သည့် အရည်အသွေး အထူးကောင်းမွန် သည့် ဆန်များ) | ၁၀-၅ မှတ် ဆန် (အဟောင်း) | ၁၃၃,၀၀၀ | |
| | | ၁၀-၅ မှတ် ဆန် (အသစ်) | ၁၂၀,၀၀၀ | |
| ၅ | ပေါ်ဆန်းအုပ်စု (ဧရာဝတီပေါ်ဆန်းများ) | ပထမတန်း (အဆင့်မြင့်) (အဟောင်း) | ၁၂၅,၀၀၀ | |
| | | ပထမတန်း (အဆင့်မြင့်) (အသစ်) | ၁၁၃,၀၀၀ | |
| | | ဒုတိယတန်း (အဟောင်း) | ၁၂၀,၀၀၀ | |
| | | ဒုတိယတန်း (အသစ်) | ၁၁၀,၀၀၀ | |
| | ပေါ်ဆန်းအုပ်စု (ခွံနီ/ ပေါ်ကျွဲ) | အဟောင်း | ၁၀၅,၀၀၀ | |
| | | အသစ် | ၉၅,၀၀၀ | |

| စဉ် | ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား | | (၁၀၈) ပေါင်/ (၂၄) ပြည် ဆန်တစ်အိတ် ဈေးနှုန်း သတ်မှတ်ချက်(ကျပ်) (အမြင့်ဆုံး) | မှတ်ချက် |
|---|---|---|---|---|
| ၆ | ပေါ်ဆန်းအုပ်စု (ဘေးကြား/ ကြားပျံ) | ပထမတန်း (အဆင့်မြင့်) (အဟောင်း) | ၁၃၅,၀၀၀ | |
| | | ပထမတန်း (အဆင့်မြင့်) (အသစ်) | ၁၂၅,၀၀၀ | |
| | | ဒုတိယတန်း (အသစ်) | ၁၂၀,၀၀၀ | |
| ၇ | ရွှေဘိုပေါ်ဆန်း | ပထမတန်း (အဆင့်မြင့်) (အဟောင်း) | ၁၅၀,၀၀၀ | |
| | | ပထမတန်း (အဆင့်မြင့်) (အသစ်) | ၁၃၅,၀၀၀ | |
| | | ဒုတိယတန်း (အဟောင်း) | ၁၄၅,၀၀၀ | |
| | | ဒုတိယတန်း (အသစ်) | ၁၃၀,၀၀၀ | |

**မှတ်ချက်။**

(၁) ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချမှု အနည်းငယ်သာရှိသည့် ရှမ်းဆန်များ၊ ကောက်ညှင်းဆန်များ၊ ရေကြည်ပေါ်ဆန်း၊ ဘာစမာတီဆန်၊ နမာ့သလေး ဆန်၊ ခေါက်နမ်းခမ်းဆန်၊ ဆန်နီ၊ ဆန်ညို (Rice Berry)၊ ပေါင်းဆန်၊ စံပယ်ဆန်မွှေး (Jasmine) အစရှိသော အမြောက်အများ ထုတ်လုပ်မှုမရှိသည့် ဆန်အမျိုးအစားများကို ဈေးနှုန်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခြင်း မရှိပါ။

(၂) ဈေးကွက်အတွင်းရောင်းချရာတွင် အထက်ဖော်ပြပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများအပေါ် ၈% ထက်ပို၍ ရောင်းချခြင်း မပြုရန် ဖြစ်ပါသည်။

(၃) အထက်ပါ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း တွက်ချက်မှုများမှာ အောက်ပါအချက်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါသည်-

(က) စိုက်ပျိုးသူ တောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန် ထည့်သွင်းစဉ်းစားမှု

(ခ) ယခင်နှစ်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်းများနှင့် ချင့်ချိန်ဆက်စပ်တွက်ချက်မှု

(၄) Super Market များ၊ Mini Market များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် သီးခြားထုတ်ပြန်ထားသော ရည်ညွှန်းဈေးကို အသုံးပြုရမည်။

(၅) ဝယ်ယူရန်အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်ညှိနှိုင်းဝယ်ယူနိုင်ပါသည်။

(၆) သင့်တင့်မျှတသော ဈေးနှုန်းများနှင့် ရောင်းချခြင်းမပြုသော အခြေအနေများကို သိရှိပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ပါသည်။

(၇) အထက်ပါ ဆန်ရည်ညွှန်းဈေးနှုန်းများကို အခြေခံ၍ စပါးများ ဝယ်ယူရောင်းချရာတွင် သင့်တင့်မျှတသည့် စပါးဈေးနှုန်းဖြင့် အရောင်းအဝယ် ပြုလုပ်ရမည် ဖြစ်ပါသည်။

(၈) အပိုဒ် (၁) ပါ ပြည်ပတင်ပို့သည့် ဆန်ဈေးနှုန်းများ အနေဖြင့် နိုင်ငံတကာ ဈေးကွက်အခြေအနေများနှင့် နိုင်ငံတကာ ဈေးနှုန်းများ၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း မူဝါဒများအပေါ် မူတည်၍ ပြောင်းလဲခြင်း ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ ပြောင်းလဲခြင်း ဖြစ်ပေါ်ပါက သတ်မှတ်ရည်ညွှန်းဈေး၏ (+/-) ၁၀% အတွင်း ညှိနှိုင်းဝယ်ယူ ဆောင်ရွက်ပါရန်၊ လိုအပ်ပါက ကြားကာလတွင် ဈေးနှုန်း အပြောင်းအလဲများ ထူးခြားစွာ ဖြစ်ပေါ်ပါက ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီး အချိန်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြရန် ဖြစ်ပါသည်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စားသုံးသူရေးရာဦးစီးဌာန

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

## ဈေးအရောင်းစင်တာ (Super Market, Mini Mart, Grocery) များတွင် Consumer Packaging ဖြင့် ရောင်းချမှုများအပေါ် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ထုတ်ပြန်ချက်

| စဉ် | ဆန်အမျိုးအစား | အလေးချိန် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|
| | | | အမြင့်ဆုံး |
| ၁ | ရွှေဘိုပေါ်ဆန်း | 1 Kg | ၃၈၀၀ |
| ၂ | ရေဝတီပေါ်ဆန်း | 1 Kg | ၃၃၀၀ |
| ၃ | ရက်(၉၀)/ အထူးညှ့်မထ | 1 Kg | ၂၅၀၀ |
| ၄ | ဧယာ | 1 Kg | ၂၅၀၀ |
| ၅ | မနောသုခ | 1 Kg | ၂၅၀၀ |
| ၆ | ရေပဒေသာ | 1 Kg | ၃၅၀၀ |
| ၇ | မဂျမ်းတော | 1 Kg | ၃၅၀၀ |
| ၈ | ပေါ်ကွဲ | 1 Kg | ၂၈၀၀ |
| ၉ | ဘေးကြား | 1 Kg | ၃၃၀၀ |
| ၁၀ | တောင်ပျံ | 1 Kg | ၃၅၀၀ |
| ၁၁ | ဘာစမာတီ (ဆီးချိုဆန်/ ပြည်တွင်းထုတ်) | 1 Kg | ၆၀၀၀ |
| ၁၂ | စပယ်ဆန်မွှေး ( Jasmine) | 1 Kg | ၃၀၀၀ |
| ၁၃ | ရှမ်းဆန် (Premium Quality) | 1 Kg | ၄၀၀၀ |
| | ရှမ်းဆန် (Normal Quality) | 1 Kg | ၃၅၀၀ |
| ၁၄ | ကောက်ညှင်းဆန်ဖြူ (Premium Quality) | 1 Kg | ၄၅၀၀ |
| | ကောက်ညှင်းဆန်ဖြူ (Normal Quality) | 1 Kg | ၃၅၀၀ |
| ၁၅ | ကောက်ညှင်းဆန်မဲ (ငချိတ်) (Premium Quality) | 1 Kg | ၅၀၀၀ |
| | ကောက်ညှင်းဆန်မဲ (ငချိတ်) (Normal Quality) | 1 Kg | ၄၀၀၀ |
| ၁၆ | ဆန်လုံးညို (Brown Rice - Long Grain) | 1 Kg | ၃၀၀၀ |
| | ဆန်လုံးညို (Brown Rice - Ayeyarwady Pawsan) | 1 Kg | ၃၃၀၀ |
| | ဆန်လုံးညို (Brown Rice - Shwe Bo Pawsan) | 1 Kg | ၃၈၀၀ |

| စဉ် | ဆန်အမျိုးအစား | အလေးချိန် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|
| | | | အမြင့်ဆုံး |
| ၁၇ | ဓါတုကင်းလွတ် အသိအမှတ်ပြုလက်မှတ်ရ (Organic Rice) Long Grain Organic Rice | 1 Kg | ၄၀၀၀ |
| | ဓါတုကင်းလွတ် အသိအမှတ်ပြုလက်မှတ်ရ (Organic Rice) Paw San Organic Rice | 1 Kg | ၅၀၀၀ |
| ၁၈ | ဗီတာမင် အားဖြည့်ဆန် (Fortified Rice) (ရောဝတီပေါ်ဆန်း) | 1 Kg | ၃၈၀၀ |
| | ဗီတာမင် အားဖြည့်ဆန် (Fortified Rice) (ရွှေဘိုပေါ်ဆန်း) | 1 Kg | ၄၅၀၀ |
| | ဗီတာမင် အားဖြည့်ဆန် (Fortified Rice) (ဧည့်မထ) | 1 Kg | ၂၆၅၀ |
| ၁၉ | Rice Berry (Black/ Brown) | 1 Kg | ၆၀၀၀ |
| ၂၀ | Golden Brown Rice (Low GI 46) ရွှေဆန်လုံးညို | 1 Kg | ၄၅၀၀ |

**<u>မှတ်ချက်</u>**

(၁) 2 Kg၊ 5 Kg၊ 10 Kg၊ 12 Kg စသည့် အရွယ်အစား အမျိုးမျိုး ထုပ်ပိုး၍ ဈေးသတ်မှတ်ရောင်းချရာတွင် အထက်ပါ 1 Kg ဈေးနှုန်းများကိုအခြေခံ၍ တွက်ချက်ရမည်။

(၂) အထက်ပါ ဆန်အမျိုးအစားများအတွက် 1 Kg ရည်ညွှန်းဈေးနှုန်းသည် 25 Kg အောက် ခေတ်မီထုပ်ပိုးမှုများ (Modern Packs) အတွက်သာ သက်ဆိုင်ပါသည်။ ကုန်အမှတ်တံဆိပ် (Brand) များ ပါရှိရမည် ဖြစ်ပါသည်။

(၃) ဆန်အမျိုးအစားအသစ်များကို ထုပ်ပိုးရောင်းချရန် ရှိပါက လက်ကားရည်ညွှန်းဈေးများနှင့် ကိုက်ညီရန်လိုအပ်ပြီး၊ ၎င်း လက်ကားရည်ညွှန်းဈေးအပေါ်တွင် အိတ်ခွံတန်ဖိုး၊ ဈေးအရောင်းဆိုင်သို့ ပေးရမည့် ၈ % ထက်မပိုသော ဝန်ဆောင်စရိတ်၊ ၃ % ထက်မပိုသော သယ်ယူ/ သိုလှောင်စရိတ်၊ ၄% ထက်မပိုသော ထုတ်လုပ်သူ အကျိုးအမြတ်တို့ဖြင့် တွက်ချက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၄) အသေးစိတ် ညှိနှိုင်း/မေးမြန်းလိုပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးသို့ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။